# ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး/နည်းပညာဖွံ့ဖြိုးရေး)တို့လိုက်ပါလျက် ၂၄-၁၂-၂၀၁၈ နေ့တွင် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ၂၄-၁၂-၂၀၁၈ နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ မြပန်းအိုင်ခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားရာ ရှေးဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က စာရင်းစစ်ဆေးသည့် အလုပ်သည် အပြစ်ကင်းစင်သည့် အလုပ်ဖြစ်ပြီး Financial Audit ၊ Compliance Audit သာမက Performance Audit ကိုပါ ဆောင်ရွက်ရန် တာဝန်ရှိလာသည့်အလျောက် မိမိလုပ်ငန်းကို ကျွမ်းကျင်နားလည်တတ်မြောက်နေရန်၊ မိမိလုပ်ငန်းကို လုံ့လဝီရိယစိုက်ထုတ်ကာ သတိသမ္ပဇဉ်ထားပြီး ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှုနှင့် လျှို့ဝှက်ဆောင်ရွက်သင့်သည့်ကိစ္စများကို ချိန်ဆဆောင်ရွက်ကြရန်နှင့် အတ္တပရ မျှတစွာဖြင့် ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အခြေအနေများမှာ အချိန်နှင့်အမျှ ပြောင်းလဲနေသည့်အလျောက် မသေချာမရေရာမှုဆိုသည့် စိန်ခေါ်မှုရှိနေရာလုပ်ငန်းများဆောင်ရွက်ရာတွင် ပြောင်းလဲနေသည့်အခြေအနေများနှင့်အညီ လိုက်လျောညီထွေလိုက်ပါဆောင်ရွက်ရန်နှင့် Forecasting ဟုခေါ်သည့် ရှေ့ဖြစ်လာနိုင်သည့် မသေချာမရေရာမှုများအတွက် အထောက်အပံ့ဖြစ်စေရန် ကြိုတင်မျှော်မှန်း၊ မှန်းဆထားကြရန်လိုအပ်ကြောင်း၊ လုပ်ရိုးလုပ်စဉ်ကိစ္စရပ်များကို စက်များဖြင့် အစားထိုးဆောင်ရွက်လာသည့် Automation စနစ်၊ ဖန်တီးလုပ်ယူရရှိနိုင်သည့် ဉာဏ်စဉ်(Artificial Intelligence) စသည့် စိန်ခေါ်မှုများလည်းရှိနေရာ ယင်းတို့ကိုရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားပါသည်။

၃။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး ဒေါ်သန္တာလေး က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က မိမိအလုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ပါက လုပ်ငန်းများအောင်မြင်နိုင်ကြောင်း ပြန်လည်ဆွေးနွေးလမ်းညွှန်မှာကြားပါသည်။

၄။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် မြောက်ပိုင်းခရိုင်၊ ရန်ကင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်စာရင်းစစ်ရုံးများသို့ သွားရောက်ခဲ့ပြီး ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ခြင်းသည် သူတစ်ပါးအသက်နှင့် သူတစ်ပါးကိုယ်ကျိုးစီးပွားကို ထိခိုက်စေခြင်းမရှိသောသန့်ရှင်းစင်ကြယ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သဖြင့် ဝန်ထမ်းတိုင်း ကောင်းမွန်သည့်ကိုယ်ကျင့်တရားကို လက်ကိုင်ထားပြီး အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားကြရန် မိမိ၏လုပ်ငန်း

တိုးတက်ကျွမ်းကျင်မှုရှိစေရန်အတွက် ဖွဲ့ လုံ့လ၊ ဝိရိယဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် ယခု Media ခေတ်တွင် ပွင့်လင်းမြင်သာမှုအရေးကြီးသော်လည်း မိမိလုပ်ငန်း၏ လျှို့ဝှက်ထိန်းသိမ်းအပ်သည့် အကြောင်းအရာများအား အချိန်မကျသေးမီ ထုတ်ဖော်ပြောကြားမှုများအတွက် ဆင်ခြင်ချိန်ဆရန်နှင့် ဝန်ထမ်းများစည်းလုံးညီညွတ်စွာနေထိုင်ပြီး လုပ်ငန်းများအောင်မြင်တိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။